# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇ - ၉ - ၂၀၁၁ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ရသေ့တောင်မြို့နယ်နှင့်ဘူးသီးတောင်မြို့နယ်တို့အား ချိတ်ဆက်ပေး၍ မေယုတောင်ခြေ အရှေ့ဘက်ခြမ်း ဖွံ့ဖြိုးမှုကို ဖော်ဆောင်စေနိုင်မည့် (အငူမော်-စေတီပြင်-ဘူးသီးတောင်) တိုင်းရင်းသားကျေးရွာများ အချင်းချင်း ချိတ်ဆက်စေမည့် လမ်းကြမ်းအား တစ်နှစ်ပတ်လုံး သွားလာနိုင်သည့် အမာခံလမ်း(မြေသားမှ ကျောက်ချော၊ ၄င်းမှတဆင့် ကတ္တရာ)အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **သံတောင်ကြီးမြို့နယ်ရုံးကို ယခင်မူလသံတောင်မြို့သို့ ပြန်ပြောင်းပေးနိုင်ခြင်း ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မြစ်ချောင်းများရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပေါ်ထွန်းလာသည့် သောင်နုမြေများအား ဝေငှသည့်အခါ အမှန်တကယ် လုပ်ကိုင်မည့် တောင်သူလယ်သမားများ ရရှိစေရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ငန်းတက်ကျေးရွာအုပ်စုနှင့် ဖုံသာကျေးရွာများမှ လယ်မြေများကို သိမ်းယူထားခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စက်သုံးဆီသုံးစွဲမှု အလွန်သက်သာသော မြန်မာမီနီဆလွန်း ကဲ့သို့သော မော်တော်ယာဉ်ငယ်များကို ပြည်ပမှ တိုက်ရိုက်တင်သွင်းခွင့်ပြုရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( စ ) ဦးကြည်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) ၏ **ပြည်တွင်းပုဂ္ဂလိက နိုင်ငံခြားဆေးဝါး စက်မှုလုပ်ငန်းများအား လုပ်ကိုင်ခွင့်ပြုရန်အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ်၊ ဟားခါး-ဖလမ်း-တီးတိန်-မတူပီ-မင်းတပ်-ပလက်ဝနှင့် ကန်ပက်လက်မြို့များသို့ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဇ ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **ချင်းပြည်နယ် ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် နိုင်ငံတော်အဆင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆောင်ရွက်မှုအပေါ် တိုးတက်မှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) (ဥက္ကဋ္ဌ၊ ပြည်သူ့တို့၏ တိုင်ကြားစာနှင့်အသနားခံစာဆိုင်ရာကော်မတီ)၏ **လယ်ယာ/မြေယာ သိမ်းယူမှုများနှင့် ပတ်သက်၍ ပြေလည်အောင် ညှိနှိုင်း ဖြေရှင်းနိုင်ခြင်းမရှိသော အမှုအခင်းများစွာ ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျစိစစ်၍ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)

( ဂ ) ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

(ဃ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)

( င ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( စ ) ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

(ဆ) ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ဇ ) ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)

( ဈ ) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

၇။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၆ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၇ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။